ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၃) ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်

## မာတိကာစဉ်

၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေအကြောင်း သိကောင်းစရာ။ ၂-၅

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ ၆-၇

၃။ ခေတ်သစ်တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ စက္ကူဖြူစာတမ်းနှင့် စပ်လျဉ်းသည့်သတင်းစဉ်။ ၈

၄။ တရားမဝင်ကုန်ပစ္စည်းများတားဆီးစစ်ဆေးကြပ်မတ်မှုအကြောင်းသိကောင်းစရာ။ ၉-၁၂

၅။ ထိုင်းနိုင်ငံအစိုးရအဖွဲ့မှနိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကိုပြင်ဆင်ရန် အတည်ပြုခြင်း။ ၁၃-၁၄

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၃) ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)၌ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အရ မြန်မာနိုင်ငံနှင့် စာချုပ်အပြန်အလှန်အသက်ဝင်သည့်နိုင်ငံများအကြား အာဏာသက်ရောက်သည့်နေ့သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃၈/၂၀၂၅) ဖြင့် ပြဋ္ဌာန်းခဲ့သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွင်း ကျေးလက်ဒေသများလမ်းပန်းဆက်သွယ်မှုကောင်းမွန်လွယ်ကူစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံမူများနှင့်အညီ ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် မဟာဗျူဟာချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးလက်လမ်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ ကျေးလက်လမ်းအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် ဘေးအန္တရာယ်ကြောင့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး ဆောင်ရွက်ပေးရန်၊ ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာရည်ရွယ်၍ ဤဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေတွင် ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည့်အပြင် ကျေးလက်ဒေသနေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များကိုပါ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ကျေးလက်ဒေသနေပြည်သူများသည် ကျေးလက်လမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကျေးလက်လမ်းလုပ်ငန်းများနှင့်ဆိုင်သောနည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးလက်ဒေသနေပြည်သူများအကြား စည်းလုံးမှုကို ပျက်ပြားစေမည့်ကိစ္စများပေါ်ပေါက်လာပါက ဦးစီးဌာန၏လမ်းညွှန်ချက်ဖြင့် ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပြီး ကျေးလက်လမ်းစီမံကိန်းများရေးဆွဲရာတွင် ဆွေးနွေးအကြံပြုခြင်း၊ ကျေးလက်လမ်းလုပ်ငန်းများကိုဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့တင်ပြခြင်း၊ ကျေးလက်လမ်းလုပ်ငန်းများကိုကြည့်ရှုလေ့လာခြင်း၊ သတင်းအချက်အလက်များတောင်းခံရယူခြင်းနှင့် လွတ်လပ်စွာဆွေးနွေးအကြံပြုခြင်း၊ ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခြင်းစသည့်ရပိုင်ခွင့်များရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဦးစီးဌာနသည် ကျေးလက်လမ်းသစ်များဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေနယ်နိမိတ်တိုးချဲ့ခြင်းလုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်သောမြေနေရာကိုရရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်ပြီး ဖောက်လုပ်ပြီးကျေးလက်လမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဖောက်လုပ်ဆဲကျေးလက်လမ်းများ အရည်အသွေးပြည့်မီစေရေးအတွက်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မဟာဗျူဟာရေးဆွဲချမှတ်ဆောင်ရွက်နိုင်ကြောင်း၊ ဝန်ကြီးဌာနသည် ကျေးလက်လမ်းသစ်များဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေတိုးချဲ့ခြင်းလုပ်ငန်းများအတွက် အနည်းဆုံးလိုအပ်သည့် မြေပမာဏကိုရရှိနိုင်ရန် မြေပိုင်ဆိုင်သူ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူက ကျေးလက်လမ်းအတွက် လှူဒါန်းသည့်မြေနေရာကို

လက်ခံရယူခြင်း၊ မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပြီး မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်းပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ တရားရုံးကချမှတ်သောလျော်ကြေးငွေကို ဦးစီးဌာနသို့ပေးဆောင်ရန် သို့မဟုတ် ကျေးလက်လမ်းကို မူလအနေအထားအတိုင်းပြန်လည်ပြုပြင်ပေးရန် ပျက်ကွက်ပါက ပျက်ကွက်သည့်မည်သူ့ကိုမဆို အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဝန်ကြီးဌာနသည် ကျေးလက်လမ်းများ၏နယ်နိမိတ်သတ်မှတ်ရာတွင် ကျေးရွာအတွင်းရှိ လူနေအိမ်အဆောက်အဦများ၏တည်ရှိမှု၊ တည်ဆောက်ပြီးစီးခဲ့သည့်အချိန်ကာလ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှု၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ အခြားတည်ဆဲမြို့ပြနှင့် ကျေးလက်ဒေသဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းသတ်မှတ်ရမည်ဖြစ်ပြီး ကျေးလက်လမ်းနှင့် တံတားအသုံးပြုခကောက်ခံခြင်းကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ပြီး နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်းများကိုမူ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနကသာ ထုတ်ပြန်နိုင်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေနှင့်ပတ်သက်ပြီး အသေးစိတ်လေ့လာသိရှိလိုသူများ အနေဖြင့် MLIS Website တွင် အကျယ်တဝင့်ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ "နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃၉/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါနိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအရ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဓ)၊ ပုဒ်မ ၂၉ နှင့်ပုဒ်မ ၃၅ တို့ကို အစားထိုးပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ပုဒ်မခွဲ(ဓ) ကို "ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက် သတ်မှတ်ထားသောသင်တန်းများအပြင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၊ ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သောအဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း" ဖြင့် အစားထိုးပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၊ ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သောအဆင့်မြင့်သင်တန်းဆိုရာတွင် ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကအသိအမှတ်ပြုသောသင်တန်းကိုဆိုလိုခြင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၉ ကို " အထူးကိစ္စရပ်မှအပ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာရာထူးအဆင့်အလိုက် သတ်မှတ်ထားသောသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၊ ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်"ဟု အစားထိုးပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကိုဆိုလိုခြင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြ၍ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၅ ပါ "ဗဟိုဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ကို "နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြဋ္ဌာန်းခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၁၃) ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်

## ခေတ်သစ်တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ စက္ကူဖြူစာတမ်းနှင့်စပ်လျဉ်းသည့်သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံတော်ကောင်စီ၏သတင်းအချက်အလက်ရုံးက ခေတ်သစ်တရုတ်နိုင်ငံ၏အမျိုးသားလုံခြုံရေးဆိုင်ရာစက္ကူဖြူစာတမ်းကို ၁၂-၅-၂၀၂၅ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

ယင်းစာတမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အမျိုးသားလုံခြုံရေးနှင့်စပ်လျဉ်း၍ လွှမ်းခြုံသည့် အယူအဆတစ်ခုဖြစ်ပြီး ခေတ်သစ်အမျိုးသားလုံခြုံရေးအတွက် အောက်ပါအတိုင်းလမ်းညွှန်ထားကြောင်းသိရှိရပါသည် -

(က) အခြေအနေတစ်ရပ်လုံးကို အဓိက ဆုပ်ကိုင်ထားရန်၊

(ခ) ပြည်သူတို့၏လုံခြုံရေးကိုရည်ရွယ်၍ အကောင်အထည်ဖော်ရန်၊

(ဂ) နိုင်ငံရေးလုံခြုံမှုကို ဦးစွာလုပ်ဆောင်ရန်၊

(ဃ) အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးမှုကို လိုက်နာရန်၊

(င) နိုင်ငံတော်လုံခြုံရေးထိခိုက်စေသည့်အန္တရာယ်များကို ကာကွယ်ခြင်းနှင့် ဖြေရှင်းရန်၊

(စ) ဘုံနိုင်ငံတကာလုံခြုံရေးကို မြှင့်တင်ရန်၊

(ဆ) အမျိုးသားလုံခြုံရေးလုပ်ငန်းများအပေါ် ပါတီ၏အကြွင်းမဲ့ခေါင်းဆောင်မှုကို အားကောင်းစေရန်။

ထို့ပြင် စက္ကူဖြူစာတမ်းတွင် တရုတ်နိုင်ငံ၏ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို တည်ငြိမ်စေရန် ထောက်ပံ့ပေးမည့်မူဝါဒများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လုံခြုံရေးအားကောင်းစေမည့်မူဝါဒများ၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစတင်ရန် အကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံတကာလုံခြုံရေးကို မြှင့်တင်ခြင်းဆိုင်ရာမူဝါဒများနှင့် အမျိုးသားလုံခြုံရေးစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေမည့်မူဝါဒများကို ဖော်ပြထားကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် :https://www.scio.gov.cn/zfbps_2279/202505/t20250512_894771.html

## တရားမဝင်ကုန်ပစ္စည်းများ တားဆီးစစ်ဆေးကြပ်မတ်မှုအကြောင်းသိကောင်းစရာ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသည် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအား ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၃၆၆/၂၀၂၁)ဖြင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၁၃)ရပ်သတ်မှတ်ခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကွပ်ကဲမှုအောက်တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့တို့မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်မှုမရှိသည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီ၊ ဒီဇယ်ဆီတို့အားဖမ်းဆီးခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်ပို့ကုန်သွင်းကုန်ဥပဒေတို့အရ အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ အလားတူအကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက တရားဝင်စာရွက်စာတမ်းတင်ပြနိုင်မှုမရှိသည့် ပစ္စည်းများဖမ်းဆီးခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၈ရက်နှင့် ၁၉ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ်- ၁၉၆၄၄၄၀၈၂၆ ကိုလည်းကောင်း၊ မေလ ၂၂ ရက်၊ ၂၃ ရက် နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုအမှုတွဲ ၃၆မှု၊ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၅၂၅၆၄၁၆ ကိုဖမ်းဆီးရမိခဲ့ပြီး ထိုသို့တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများထိခိုက်နစ်နာပြီး နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များကို ထိခိုက်စေကြောင်း သိရှိရပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးများ ပြုလုပ်ပြီး ဆုံးဖြတ်ချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် မှောင်ခိုပစ္စည်းဖမ်းဆီးတားဆီးခြင်းထက် ပိုမိုကျယ်ပြန့်ပြီး တရားမဝင် ကုန်သွယ်မှုကိုတိုက်ဖျက်ရာတွင် မှန်ကန်သည့်သတင်းရရှိမှု၊ သတင်းလုံခြုံမှုနှင့် သတင်းပေးသူ လူပုဂ္ဂိုလ်အတွက်လုံခြုံမှုသည် အရေးကြီးကြောင်း၊ နိုင်ငံ၏ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ရေရှည်တည်တံ့နိုင်ရေးတို့အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက တစ်ဖက်တစ်လမ်းမှဖမ်းဆီးရေးဆောင်ရွက်နေကြောင်း သိရှိရပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) ကို ၂၆-၅-၂၀၂၅ ရက်နေ့တွင်ကျင်းပခဲ့ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌက ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်းညှိနှိုင်းပြီး ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade - TRACIT) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၁၇ သတ်မှတ် ထားကြောင်း၊ ယခင် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုဆိုင်ရာပတ်ဝန်းကျင် အညွှန်းကိန်း Global Illicit Trade Environment Index တွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၈၁ သာရရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်း ပိုမိုတိုးတက် လာကြောင်း၊ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင်အဆင့်(၉)သာရရှိနေသဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်နှင့် နိုင်ငံအတွင်း ထိထိမိမိဖြင့် ဖမ်းဆီးရမည်ဖြစ်သကဲ့သို့

တစ်ဖက်ကလည်း ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံများဖြင့် အစိုးရအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ရန်တို့ကို အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade - TRACIT) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း တရားမဝင်ကုန်သွယ်မှုများကို အလွန်အကျူးပြုလုပ်နေသည့် ကဏ္ဍ ၁၂ ရပ် ဖော်ထုတ်ခဲ့ကြောင်း၊ ယင်းတို့တွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပ ကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင်ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များပါဝင်သည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

ထိုကဏ္ဍ (၁၂) ရပ်၏ခေါင်းစဉ်များအလိုက်အဖွဲ့များတွင်ပါဝင်ကြသည့် One Stop Service အဖွဲ့များ၊ စစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သုံးနှစ်နှင့် လေးလ တာကာလအတွင်း ဖမ်းဆီးရရှိမှုများအနက် တရားမဝင်လိုင်စင်မဲ့မော်တော်ယဉ်နှင့် မော်တော်ဆိုင်ကယ် အများဆုံးဖြစ်ကြောင်း၊ ဖမ်းဆီးရမိမှုနှင့်စပ်လျဉ်း၍ ပစ္စည်းများဖမ်းဆီးခြင်းနှင့်အခြားကန့်သတ်ပစ္စည်းများ ဖမ်းဆီးရမိခြင်းများရှိကြောင်း၊ ဖမ်းဆီးရမိသည့်ပစ္စည်းများကို အလေအလွင့်အဆုံးအရှုံးအနည်းဆုံး ဖြစ်အောင်ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့်ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံး ထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်း များနှင့်အညီ စနစ်တကျအမြန်ဆုံးဖြစ်စေရေးအတွက် ကော်မတီဝင်များနှင့်သက်ဆိုင်သည့်တာဝန်ရှိသူ အားလုံးက အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊<br>
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ၊<br>
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : www.moi.gov.mm/index.php/news/70408

www.moi.gov.mm/index.php/news/67722

www.moi.gov.mm/index.php/news/70427

www.moi.gov.mm/index.php/news/70151

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၃) ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်

## ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင်ရန် အတည်ပြုခြင်း

ထိုင်းနိုင်ငံအစိုးရသည် တင်းကြပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို အရေးပေါ်ပြင်ဆင်ရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့ကအတည်ပြုခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဥပဒေမူကြမ်းပြင်ဆင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါဥပဒေကို အလုပ်အကိုင် အခွင့်အလမ်းများအတွက် အဟန့်အတားများကိုလျှော့ချရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုမြှင့်တင်ရန်နှင့် ထိုင်းနိုင်ငံ၏ယှဉ်ပြိုင်လိုမှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင်ရန်အဆိုပြုချက်ကို နိုင်ငံတော်ကောင်စီရုံးမှ ဥပဒေဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ "အဆိုပါအက်ဥပဒေသည် နှစ်ပေါင်း ၂၅ နှစ်ခန့် အသုံးပြုခဲ့ပြီးဖြစ် သည့်အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို အကာအကွယ်ပေးသည့်အချက်ကို အဓိကထား ခြင်းဖြစ်ကြောင်းတွေ့ရှိရသဖြင့် ၁၉၇၀ ခုနှစ်ခန့်က နိုင်ငံခြားဥပဒေများနှင့် လိုက်လျောညီထွေဖြစ်ခဲ့ သော်လည်း ယနေ့လက်ရှိ စီးပွားရေးအခြေအနေ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေမှုမရှိတော့သဖြင့် ၁၉၉၉ ခုနှစ် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင် သင့်ကြောင်း" အကြံပြုတင်ပြချက်အပေါ် အခြေခံ၍ အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေပြင်ဆင်ရန် အဆိုပြုတင်ပြချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ နှင့် ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့တို့မှ ကန့်ကွက်ရန်မရှိကြောင်း တင်ပြခဲ့သည်ကိုတွေ့ရှိရပါသည်။

လက်ရှိနိုင်ငံခြားစီးပွားရေးလုပ်ငန်းဥပဒေသည် နိုင်ငံခြားသားများ၏ရှယ်ယာပိုင်ဆိုင်မှုကို အများဆုံး ၄၉ ရာခိုင်နှုန်းအထိ ကန့်သတ်ထားကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် စိုက်ပျိုးရေး၊ သဘာဝသယံဇာတပစ္စည်းများနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာလုပ်ငန်းများကဲ့သို့သော လုပ်ငန်းများ တွင် နိုင်ငံခြားသားများဆောင်ရွက်ခွင့်ကိုကန့်သတ်ထားသည့်အပြင် ဥပဒေ၊ စာရင်းစစ်ဆေးခြင်းနှင့်

အတိုင်ပင်ခံလုပ်ငန်းများကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် သီးခြားလိုင်စင်ရရှိထား ပြီးဖြစ်ရန်လည်းလိုအပ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဘဏ္ဍာရေးဝန်ကြီးဌာနက ထိုင်းနိုင်ငံသား များအတွက် အနည်းဆုံးထားရှိရန် လိုအပ်သည့်ရှယ်ယာပိုင်ဆိုင်မှုနှင့် နိုင်ငံခြားသားများအတွက် ခွင့်ပြုထားသောလုပ်ငန်းအမျိုးအစားများအပေါ် ကန့်သတ်ချက်များကိုဖြေလျှော့ရန် အကြံပြုတင်ပြ ထားကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် လက်ရှိနိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေပါပြဋ္ဌာန်းချက်များ အနက် အချို့ပြဋ္ဌာန်းချက်များကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် ပြင်ဆင်ပြဋ္ဌာန်းလိုခြင်းဖြစ်ပြီး အထူးသဖြင့် သတ်မှတ်ကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ဖြေလျှော့ပေးခြင်း၊ ရိုးရှင်း သောလိုင်စင်ရယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအဖြစ် ပြုပြင်ပြောင်းလဲခြင်း၊ ပိုမိုရှင်းလင်းသော ဥပဒေမူဘောင်များသတ်မှတ်ခြင်းတို့ကို ပြင်ဆင်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://thailand.prd.go.th/en/content/category/detail/id/48/iid/384023

https://www.aseanbriefing.com/news/thailand-to-ease-foreign-business-ownership rules/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

